**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (073/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၇၃/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဇွန်လ (၁၈) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- စတင်ဖြစ်ပွားသော ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIA တပ်ရင်း ၁၅ နှင့် မြန်မာ စစ်တပ်တို့ ယခုလ ၉ ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး နောက်တစ်ရက်တွင်ပင် KIO အား တိုက်ခိုက်ရန် နေပြည်တော် စစ်ရုံးချုပ်က မပခ စစ်တိုင်းသို့ ညွှန်ကြားထားသည်ဟု မပခစစ်တိုင်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 130611) Read More...
- စစ်ကိုင်းတိုင်း ချင်းရေးရာဝန်ကြီး ပူးနိုးထန်ကပ်က အစိုးရဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများအား ကြိုဆိုဧည့်ခံသည့် ဧည့်ခံပွဲများတွင် အမျိုးသမီးပျိုများအား ခိုင်းစေမှုမပြုသင့်ကြောင်း ဒေသခံလူထုအားပြောကြောင်း ဒေသခံလူကြီးတစ်ဦးက ပြောသည်။ (Khonumthung 140611) Read More...
- ကချင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားနေစဉ် ရန်ကုန်တိုင်း သန်လျင်မြို့၌ နေထိုင်ပညာသင်နေသည့် ကချင်ကျောင်းသား ကျောင်းသူ ၁၉ ဦးသည် ဇွန် ၁၅ ရက်နေ့ ညနေ ၆ နာရီ နောက်ဆုံးထား၍ နေရပ်ရင်းပြန်ရန် ဒေသအာဏာပိုင်များက အမိန့်ပေးထားပြီး မထွက်ခွာလျှင် ဖမ်းဆီးအရေးယူသွားမည်ဟု အမျိုးသားဒီမို ကရေစီ အင်အားစု NDF ပါတီဝင် ဒေါ်ဘောက်ဂျာက ပြောသည်။ (Mizzima 150611) Read More ... Irrawaddy (Mizzima 150611) Read More...
- နေပြည်တော်၌ ကျင်းပနေသော လွှတ်တော်ရေးရာ ကော်မတီ အစည်းအဝေးများတွင် ကချင်ပြည်နယ်နှင့် နယ်စပ်ဒေသတချို့၌ ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ပတ်သက်၍ တစုံတရာ ပြောဆိုဆွေးနွေးမှု မရှိကြောင်း ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ (Irrawaddy 160611) Read More...
- နေရပ်ရင်းသို့ပြန်ရန် ဖိအားပေးခံရသည့် ကချင် ကျောင်းသား ကျောင်းသူ ၁၉ ဦးကို ဇွန် ၁၅ ရက်နေ့ ည ၁၁ နာရီခွဲက သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများနှင့် ဒေသခံအာဏာပိုင် ၁၈ ဦးက မှတ်တမ်းတင် ဓာတ်ပုံများ လာရောက် ရိုက်ယူသွားသည်ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။ (Mizzima 160611) Read More...
- ကချင် လွတ်မြောက်ရေး အဖွဲ့ (KIO) ကို အပစ်အခတ် ရပ်စဲရေးပြုလုပ်ရန် အစိုးရက ကချင် အတိုင်ပင်ခံကောင်စီ ကိုယ်စားလှယ်များမှတဆင့် ဇွန် ၁၇ ရက်နေ့တွင် ကမ်းလှမ်းလာကြောင်း KIO တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 170611) Read More..., Mizzima...
- နေရပ်သို့ ပြန်ရန် ဖိအားပေးခံရသည့် ကချင် ကျောင်းသူကျောင်းသား ၁၉ ဦး၏ အုပ်ထိန်းသူဖြစ်သည့် ဆရာ တန်ရှင်ဖုန်ကို ရှာလူကြီးမှ ဖမ်းဆီးမည်ဟု ဇွန် ၁၇ ရက်နေ့ ည ၆ နာရီခန့်တွင် ဖုန်းဖြင့် ခြိမ်းခြောက်ခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီ NDF မှ ဒေါ်ဘောက်ဂျာက ပြောသည်။ (Mizzima 170611) Read More...

- ကချင်ပြည်နယ်အတွင်း KIA နှင့် မြန်မာစစ်တပ်တိုက်ပွဲများဖြစ်ပွားနေသည့်ကာလအတွင်း ဇွန် ၁၄ ရက်နေ့ ညပိုင်းက ဒေသတွင်းရှိ တံတားများပုံးခွဲ ဖျက်ဆီးခံခဲ့ရမှုကြောင့် ဗန်းမော်မြို့တွင် ဇွန် ၁၆ ရက်နေ့ ညပိုင်းမှစ၍ ည ၉ နာရီ နောက်ပိုင်း အပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားသည်ဟု မြို့ခံတစ်ဦးက ပြောသည်။ (S.H.A.N 170611) Read More...
- ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ကို အစိုးရတပ်များက ထိုးစစ်ဆင်တိုက်ခိုက်နေသလို ကရင်ပြည်နယ် မြိုင်ကြီးငူ ဒေသ တွင်လည်း အစိုးရတပ် တပ်မ ၆၆ က ဇွန် ၁၆ ရက်နေ့မှ စတင်ပြီး စစ်တပ်အင်အားကိုတိုးချဲ့ပို့ဆောင်နေသည့် အတွက် မကြာမီ တိုက်ပွဲများဖြစ်ပွားလာနိုင်သည်ဟု ကရင်အမျိုးသားအစည်းအရုံး KNU တပ်မဟာ ၇ တပ်ရင်း ၁၀၁ မှူး ဗိုလ်မှူးကြီး ဖောဒိုက ပြောသည်။ (DVB 170611) Read More...
- မြန်မာအစိုးရ အာဏာပိုင်များသည် ဇွန် ၁၆ ရက်နေ့ နံနက်က ရန်ကုန် အင်းစိန်ထောင်တွင်းမှ အကျဉ်းသား ၁၅၀ ကျော်ကို အလျင် စလို ခေါ်ယူသွားခြင်းသည် ကချင်အမျိုးသား လွတ်မြောက်ရေးအဖွဲ့နှင့် ဖြစ်ပွားနေသော စစ်ပွဲများတွင် အသုံးပြုနိုင်ခြေရှိသည်ဟု သံသယရှိကြောင်း မျက်မြင်တွေ့လိုက်ရသူ တစ်ဦးက ပြောသည်။ (Mizzima 170611) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် KIA တပ်မဟာ ၄ ထိန်းချုပ်နယ်မြေရှိ ကျေးရွာများ၌ ယခုရက်ပိုင်းအတွင်း မြန်မာ စစ်တပ်က ရာဇဝတ်မှုများ ပြုလုပ်နေသောကြောင့် ဒေသခံများထွက်ပြေးတိမ်းရှောင် နေရသဖြင့် လယ်နှင့် တောင်ယာလုပ်ငန်းများ မလုပ် ကိုင်နိုင်ဘဲဖြစ်နေကြသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 170611) Read More...
- ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ဟန်ထက်ရွာနှင့် ကွေ့ကြီးရွာအကြား တံတားတစ်ခုတွင် ဇွန် ၁၆ ရက်နေ့ ည ၈ နာရီကျော်က မြန်မာစစ်တပ် ခမရ ၁၀၅ မှ လူမှားပစ်ခတ်သဖြင့် အမျိုးသမီးတစ်ဦး သေဆုံးသွားပြီး အမျိုးသား တစ်ဦး ဒဏ်ရာရ ရှိသွားခဲ့သည်ဟု သေဆုံးသူနှင့်နီးစပ် သည့် ဟန်ထက်ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 170611) Read More...
- အင်းစိန်ထောင်တွင်းမှ ရာဇဝတ်အကျဉ်းသား ၇၀၀ ကျော်ခန့်ကို ဇွန် ၁၆ နှင့် ၁၇ ရက်နေ့များတွင် ၂ ကြိမ်ခွဲပြီး ၁၀ ဘီးကားကြီးများ နှင့် ခေါ်ဆောင်သွားခြင်းသည် ၎င်းတို့ကို ရှေ့တန်း ရဲဘက်စခန်းများသို့ ပို့ဆောင်ခြင်းဖြစ်နိုင်သည်ဟု ထောင်ဝင်စာသွား တွေ့ခဲ့သူ အကျဉ်းသားမိသားစုဝင်တစ်ဦးက ပြောသည်။ (BBC 170611) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- မကြာမီက လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများနှင့်မိသားစုဝင် ၁၀၀ ကျော်ခန့်သည် ဇွန် ၁၂ ရက်နေ့တွင် နိုင်ငံရေး အကျဉ်းသား ကိုပဏ္ဍိတ်ထွန်း၏ နေအိမ်၌ တွေ့ဆုံကြပြီး တရားဥပဒေကြောင်းအရ လက်ရှိ အကျဉ်းကျနေသည့် နိုင်ငံရေးအကျဉ်း သားများ လွတ်မြောက်ရေးအတွက် ပိုင်းဝန်းတိုင်ပင်ဆွေးနွေးခဲ့ကြသည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးဖြစ်သည့် ကိုဟန်ဝင်းအောင်က ပြောသည်။ (VOA 120611) Read More...
- ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၁၃ ရက်နေ့က အကျဉ်းကျခံနေရသော သျှမ်းခေါင်း ဆောင် မိသားစု ဝင်များကို သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်ဟု SNLD ပါတီဝင်တစ်ဦးက ပြောသည်။ (S.H.A.N 130611) Read More...
- နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ဆုတောင်းပွဲနှင့် အားပေးတွေ့ဆုံပွဲတွင် ပြည်သူတရပ်လုံးပါဝင်ကြရန် ပြည်တွင်း နိုင်ငံရေး တက်ကြွလှုပ်ရှားသူအဖွဲ့ ၁၀ ဖွဲ့က တိုက်တွန်းပန်ကြားလိုက်သည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီး၏ ပြောရေး ဆိုခွင့်ရှိသူ အရှင် ဦးဓမ္မသီရိက မိန့်ကြားလိုက်သည်။ (DVB 150611) Read More...
- ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်း၊ မိတ္ထီလာ၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ် စသည့်ဒေသများတွင် နိုင်ငံရေး အကျဉ်းသား လွတ်မြောက် ရေးအတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားသည့်လူငယ်များက စာရွက်ကပ်ခြင်း၊ စာတိုက်မှတဆင့် စာဖြန့်ဝေခြင်းစသည့် လှုပ်ရှားမှုများ အပြင် ဝတ်ပြုဆုတောင်းပွဲများလည်း ဒေသ အတော်တော်များများတွင် ဇွန် ၁၆ ရက်က ပြုလုပ်သွားခဲ့သည်ဟု လူငယ်တဦးက ပြောသည်။ (Yoma3 160611) Read More..., BBC...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် NLD ရုံးချုပ်တွင် ၃ ရက်ကြာဈေးရောင်းပွဲတော် ကျင်းပမည်ဖြစ်ရာ ဇွန် ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ဈေးရောင်းပွဲတော်ကို စတင်ဖွင့်

လှစ်လိုက်ပြီး ရရှိလာသည့် အမြတ်ငွေများကို အဖွဲ့ချုပ် လူမှုအထောက်အကူပြု ရန်ပုံငွေအဖြစ် လှူဒါန်းသွားမည်ဟု ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (DVB 160611) Read More...

- အာရပ်ကမ္ဘာမှ ဒီမိုကရေစီရေး ဆန္ဒပြတောင်းဆိုမှုများကဲ့သို့ မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာနိုင်သည့် အလားအလာသည် အာဏာပိုင် အစိုးရအပေါ်မှာ တည်သလို ပြည်သူများအပေါ်တွင်လည်း မူတည်ကြောင်း မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် က RFA မှထုတ်လွှင့်နေသည့် လူထုနှင့်အမေးအဖြေအစီအစဉ်တွင် ပြောကြားလိုက်သည်။ (RFA 170611) Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် အစိုးရ တပ်များသည် ဇွန် ၁၀ ရက်နေ့မှ ဇွန် ၁၂ ရက်နေ့ ညနေပိုင်းအထိ လက်နက်ကြီးများဖြင့် အပြန်အလှန် ဆက်လက်ပစ်ခတ်နေကြသဖြင့် ဒေသခံပြည်သူ ၂,၀၀၀ နီးပါးခန့် တရုတ်နိုင်ငံဘက်သို့ ထွက်ပြေးနေကြပြီး အဆိုပါဒေသရှိ တာပိန်မြစ် ရေကာတာနှင့် မြစ်ဆုံရေကာတာစီမံကိန်းတွင် လာရောက်အလုပ်လုပ် နေသော တရုတ်နိုင်ငံသားများလည်း ထွက်ပြေးတိမ်းရှောင်နေကြသည်။ (VOA 120611) Read More...
- ကချင်ပြည်နယ် တာပိန်ရေအားလျှပ်စစ် စက်ရုံအနီးတွင်ရှိသည့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA စခန်းနှင့်ပတ် သက်ပြီး တိုက်ပွဲဖြစ်ပွားနေစဉ် KIO က ဗဟိုကော်မတီအစည်းအဝေးထိုင်ပြီး အစိုးရနှင့် ညှိနှိုင်းရန် ဆုံးဖြတ်ချက်ချကာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်ထံသို့ စာတစ်စောင် ပေးပို့လိုက်သည်ဟု တရုတ်-မြန်မာ နယ်စပ်အခြေစိုက် စစ်ရေး နိုင်ငံရေး အကဲခတ်ပုဂ္ဂိုလ် ဦးအောင်ကျော်ဇောက ပြောသည်။ (RFA 120611) Read More...
- ကချင်ပြည်နယ် တာပိန်ရေကာအနီး မိုးမောက်မြို့နယ်အတွင်းရှိ ကချင်လွတ်မြောက်ရေးတပ်မတော် KIA ၏ ဘွမ်ဆဲန်တပ်စခန်းများကို အစိုးရတပ်များက ဇွန် ၁၁ ရက်နေ့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် KIO က ယင်းနေ့ညနေပိုင်းတွင် ဘူးကွားစီးပွားရေး ကုမ္ပဏီအပါအဝင် အစိုးရနှင့် ဆက်သွယ်ရေးလမ်းကြောင်းအားလုံးကို ပြန်လည်ရုတ်သိမ်းလိုက်သည်။ (BBC 120611) Read More...
- ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်ရှိ ရှမ်းပြည်တပ်မတော် (SSPP/SSA) ၏ ကောင်းစင်မိန်း ခေါ် နတ်စင်ကုန်းတပ်စခန်းကို ကျောက်မဲအခြေစိုက် စကခ ၁ လက်အောက်ခံတပ်ရင်းများမှ အင်အား ၃၀၀ နီးပါးခန့်က ဇွန် ၁၂ ရက်နေ့ နံနက်ပိုင်းတွင် လက်နက်ကြီးများနှင့် ပစ်ခတ်တိုက်ခိုက်ရာ ခုခံနိုင်အား နည်းမှုအပါအဝင် ရွာသားများ မထိခိုက်ရန်အတွက် ဆုတ်ခွာပေးလိုက်သည်ဟု SSA တပ်ဖွဲ့ဝင် စိုင်းထူးက ပြောသည်။ (BBC 120611) Read More...
- သီပေါမြို့နယ် စိန်ကျော့ဌာနေပြည်သူ့စစ် ဌာနချုပ်အနီးရှိ သျှမ်းပြည်တပ်မတော် SSPP/SSA တပ်စခန်းအား မြန်မာစစ်တပ် ဝင်ရောက်တိုက်ခိုက်ရာ SSPP/SSA က တပ်ဆုတ်ပေးလိုက်သော်လည်း အဆိုပါ တပ်စခန်းတွင် မြန်မာစစ်တပ် အခြေမချဘဲ ဖြတ်ကျော်သွားသည်ဟု SSPP/SSA အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 130611) Read More...
- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူဒေသရှိ မဲ့ကသာကျေးရွာတွင် ဇွန် ၁၁ ရက်နေ့က မြန်မာအစိုးရစစ်တပ် စစ်ကွပ်ကဲရေးဌာနချုပ် စကခ (၁၉) လက်အောက်ခံ ခမရ(၅၆၃)တပ်ရင်းနှင့် ကရင် တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရစစ်တပ်က လက်နက်ကြီးများဖြင့် တန်ပြန်ပစ်ခတ်ခဲ့သောကြောင့် ၎င်းရွာသားအားလုံးနီးပါး နီးစပ်ရာ ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်နေရသည်ဟု ဒေသခံ ရွာသားတစ်ဦးက ပြောသည်။ (KIC 130611) Read More...
- မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားရှိ နောက်ဆုံး KIO ဆက်ဆံရေးရုံးချုပ် (သံရုံး ) အား ဇွန် ၁၂ ရက်နေ့ နေ့လည်မှစ၍ ရုပ်သိမ်းလိုက်ပြီးနောက် ပြည်တွင်းစစ်သို့ ဦးတည်လာပြီဖြစ်သည်ဟု KIO ဆက်ဆံရေးရုံးနဲ့ နီးစပ်သူတစ်ဦးက ပြောသည်။ (KNG 130611) Read More...
- KIO ဗဟိုဌာနချုပ် လိုင်ဇာမြို့ရှိ ဒေသခံ လူငယ်များသည် တိုက်ပွဲအတွက်သာမက စစ်မျက်ကွယ်ရာအတွက်ပါ အသင့်ပြင် ဆင်ထားပြီဖြစ်ကြောင်း ဒေသခံ လူငယ်တစ်ဦးက ပြောသည်။ (KNG 130611) Read More...
- မြန်မာအစိုးရတပ်နှင့် ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြား ဇွန် ၉ ရက်နေ့မှ စတင်ဖြစ်ပွား နေသည့် တိုက်ပွဲများသည် တဖြည်းဖြည်း ပိုမိုပြင်းထန်လာပြီး ဇွန် ၁၂ ရက်နေ့က KIA တပ်မဟာ(၃) ထိန်းချုပ်ဒေသအတွင်း ဆမ်ဂမ်ကျေးရွာ တန်းစခန်းကို မြန်မာစစ်တပ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ထိုးစစ်ဆင်တိုက်ခိုက် သော ကြောင့် KIA ရှေ့တန်းစခန်းတစ်ခု ဆုတ်ခွာပေးလိုက်ရ သည်ဟု ဒေသခံတပ်မှူးတစ်ဦးက ပြောသည်။ (NMG 130611) Read More ... KNG
- ကချင်လွတ်လပ်ရေး တပ်မတော် (KIA) နှင့် မြန်မာအစိုးရ တပ်တို့ကြား တင်းမာနေသည့် စစ်ရေးအခြေအနေကို ဆက်လက်ထိန်းသိမ်းညှိနှိုင်းရန် အလားအလာ မရှိနိုင်ဟု ကချင်လွတ်မြောက်ရေး အဖွဲ့ (KIO) မှ တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောဆိုလိုက်သည်။ (Irrawaddy 130611) Read More...

- အိန္ဒိယထောင်မှပြန်လွတ်လာသည့် ကရင်နှင့်ရခိုင် တော်လှန်ရေးသမားများကို သွားရောက်တွေ့ဆုံခဲ့ပြီး ၄င်းတို့အားလုံး အိန္ဒိယတွင် တနစ်သာ နေထိုင်ခွင့်ရသောကြောင့် အားလုံးကို တတိယနိုင်ငံ တခုခုသို့ အမြန်ဆုံး ထွက်ခွာနိုင်ရန်အတွက် စီစဉ်ပေးနေ သည်ဟု ကရင်အမျိုးသား အစည်းအရုံး KNU အဆင့်မြင့်ခေါင်းဆောင် ပဒိုအားတိုး က ပြောသည်။ (Irrawaddy 130611) Read More...
- ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တိုင်းရင်းသား ဒေသတချို့၌ ဆက်တိုက် ဖြစ်ပွားနေသော လက်နက်ကိုင် တိုက်ပွဲများရပ်တန့် သွားရန်အတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတရပ် အမြန်ဆုံးပြုလုပ်ပေး သင့်ကြောင်း တိုင်းရင်းသား ခေါင်းဆောင်များနှင့် အတိုက် အခံနိုင်ငံရေး ခေါင်းဆောင်များက အစိုးရသစ်အား တိုက်တွန်းပြောဆိုလိုက်သည်။ (Irrawaddy 140611) Read More...
- ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ နမ်ဖတ်ခ ချောင်းကူးတံတားကို ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တပ်ဖွဲ့ဝင်များ က ဇွန်လ ၁၄ ရက်နေ့ နံနက် ၃ နာရီခွဲခန့်က ဗုံးခွဲဖျက်ဆီးလိုက်ကြောင်း ကချင်လွတ် မြောက်ရေး အဖွဲ့ (KIO) မှ တွဲဖက် အတွင်း ရေးမှူး ဦးလနန်က ပြောဆိုလိုက်သည်။ (Irrawaddy 140611) Read More..., Mizzima...
- အစိုးရတပ်များနှင့် KIO ကချင်တပ်ဖွဲ့ များ ဇွန်လ ၁၃ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်ဘက်မှ မိုးမိတ် ဗျူဟာမှူး ဗိုလ်မှူး ကြီး အောင်တိုး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း KIO အဖွဲ့ မှပြောခွင့်ရ ဦးလနန်းက ပြောသည်။ (RFA 140611) Read More...
- ကချင်လွတ်မြောက်ရေး တပ်မတော် KIAနှင့် မြန်မာ အစိုးရတပ်များအကြား ဖြစ်ပွားနေသည့် တိုက်ပွဲများအတွင်း KIA ဘက်မှ ၃ ဦးကျဆုံးပြီး တစ်ဦး ဒဏ်ရာရကာ မြန်မာအစိုးရဘက်မှ ဗျူဟာမှူး အပါအဝင် ၁၀၀ ကျော် ကျဆုံးသွားသည်ဟု NDF ပါတီဝင် ဖားကန့်ဒေသမှ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ခဲ့သူ ဒေါ်ဘောက်ဂျာက ပြောသည်။ (Mizzima 140611) Read More ...
- ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ထိန်းချုပ်နယ်မြေရှိ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊မူလတန်းနှင့် သာသနာ ကျောင်းတို့သည် ဇွန် ၁၄ ရက် နေ့မှစ၍ ခေတ္တပိတ်လိုက်သည်ဟု သာသနာကျောင်းမှ ဆရာတစ်ဦးက ပြောသည်။ (KNG 140611) Read More ...
- မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တို့၏ တိုက်ပွဲများကြောင့် ကချင် ဒေသခံ ၁၀၀၀ ခန့် တရုတ်-မြန်မာ နယ်စပ်ရှိ KIA ဗဟိုဌာနချုပ် လိုင်ဇာမြို့သို့ ဇွန် ၁၄ ရက်နေ့မှစ၍ သွားရောက် ခိုလှုံကြသည်ဟု KIA စစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ (Irrawaddy 150611) Read More...
- ကချင်ပြည်နယ်အတွင်း အစိုးရ စစ်တပ်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် KIA တို့အကြား ၇ ရက်အကြာ တိုက်ပွဲများ အပြင်း အထန် ဖြစ်ပွားနေသဖြင့် ဒေသခံများက စိုးရိမ်သောကြောင့် လုပ်လက်စတောင်ယာ၊ လယ်ယာ လုပ်ကိုင်ခြင်းတို့ကို ရပ်တန့်ထား ကြသည်ဟု မြစ်ကြီးနားမြို့တွင် နေထိုင်သည့် NDAK ဘဏ္ဍာရေးမှူးဟောင်းမှုရင်ဒေါင်ခေါင်းက ပြောသည်။ (Mizzima 150611) Read More ...
- အစိုးရတပ်ဖွဲ့မှ စစ် လက်နက် အင်အားဖြည့်တင်းကာ လိုင်ဇာမြို့အနီးဆုံး စခန်း၃ ခုမှနေ၍ ၁၀၅ မမ၊ ၁၂၀ မမ အမြောက်များဖြင့် KIO ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့ဘက်သို့ ချိန်ရွယ်ထားသောကြောင့် KIO စစ်တပ်များက အဆင်သင့် ပြင်ဆင်ထားပြီ ဖြစ်ကြောင်း KIO ဗဟိုကော်မတီ ဝင် ဦးလနန်က ပြောဆိုလိုက်သည်။ (Mizzima 150611) Read More...
- မြန်မာ့တပ်မတော်နှင့် ကချင် လွတ်လပ်ရေး တပ်မတော် (KIA) တို့၏ တိုက်ပွဲများကြောင့် ကချင် ဒေသခံ ၁၀၀၀ ခန့် တရုတ်-မြန်မာ နယ်စပ်ရှိ KIA ဗဟိုဌာနချုပ် လိုင်ဇာမြို့သို့ ယမန်နေ့က စတင်၍ သွားရောက် ခိုလှုံကြကြောင်း KIA စစ်ဌာနချုပ်မှ တာဝန်ရှိသူ တဦးကပြောသည်။ (Irrawaddy 150611) Read More...
- သျှမ်းပြည်တပ်မတော် ဝမ့်ဟိုင်းဌာနချုပ်အနီးရှိ မြန်မာစစ်တပ်က အင်အား ၁၀၀ နီးပါး ထပ်မံတိုးဖြည့် ချဉ်းကပ် လာသောကြောင့် SSPP/ SSA က အသင့်အနေအထား တပ်လှန့်ထားသည်ဟု SSPP/SSA အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 150611) Read More...
- ကချင်လွတ်မြောက်ရေး တပ်မတော် KIA တပ်ဖွဲ့များနှင့် မြန်မာအစိုးရတပ်ဖွဲ့များအကြား ယခု ရက်ပိုင်းအတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ဒေသတွင်း စစ်ရေးအခြေအနေစိုးရိမ်ရသည်ဟု KIA တပ်မဟာ (၃) ဒေသ အရာရှိတစ်ဦးက ပြောသည်။ (NMG 160611) Read More...
- နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် အသွင်ပြောင်းရေးကို လက်မခံသော ကယန်းပြည်သစ်ပါတီ (KNLP) သည် အပစ်ခတ်ရပ်စဲရေး ယူချိန်တွင် ပေးထားသော စက်ပစ္စည်းများကို မြန်မာအစိုးရမှ ပြန်လည်သိမ်းဆည်းလိုက်သည်ဟု ကယန်းပြည်သစ်ပါတီနှင့် နီးစပ်သူ တစ်ဦးက ပြောသည်။ (KT 160611) Read More...
- ကချင်ပြည်နယ်တွင် အစိုးရတပ်များနှင့် ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ပတ်သက်၍ တရုတ်အစိုးရအနေဖြင့် ကြားဝင်ညှိနှိုင်းပေး ရန် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) က မကြာမီ ရက်ပိုင်းအတွင်းက တောင်းဆိုလိုက်သည်ဟု KIA ဒုတိယ စစ်ဦးစီး ချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။ (Irrawaddy 160611) Read More...

- အစိုးရတပ်ဘက်မှ တင့်ကားများနှင့် လက်နက်ကြီးများ သယ်ယူမှုကို ဟန့်တားသည့် အနေဖြင့် တံတား ၁၀ စင်း ဖျက်ဆီး နိုင်ပြီး အစိုးရ တပ်မှ ဗိုလ်အဆင့်ရှိသူတစ်ဦး အပါအဝင် လူ ၆ ဦးကို ဖမ်းဆီး ထိန်းသိမ်းထားကြောင်း ကချင် လွတ်မြောက်ရေးအဖွဲ့ KIO မှ ဒုဗိုလ်မှူးကြီး ယော်ထုံက ပြောသည်။ (Mizzima 160611) Read More ...
- ကချင်ပြည်နယ်အလယ်ပိုင်း မိုးညှင်းခရိုင်၊ ဆင်ဘိုမြို့နယ်ခွဲတွင် ဇွန် ၁၇ ရက်နေ့က မြန်မာ စစ်အစိုးရတပ် ခလရ ၁၄၁ နှင့် KIA တပ်ရင်း ၅ တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ မြန်မာစစ်သားဘက်မှ ၁၇ ဦးကျဆုံးသွား သည်ဟု ဆင်ဘိုဒေသခံများက ပြောသည်။ (KNG 170611) Read More...
- ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် အစိုးရတပ်များအကြား တိုက်ပွဲများ အဆုံးသတ်စေရန် ကုလသမဂ္ဂ UN ကဲ့သို့ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကြားဝင်စေ့စပ် ကူညီပေးရန် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) က ဆန္ဒရှိ အကြောင်း ပြောဆိုလိုက်သည်။ (VOA 170611) Read More...
- အပစ်အခတ် ရပ်စဲထားသည့် ဒီမိုကရေစီသစ် တပ်မတော်-ကချင် (NDA-K) အဖွဲ့ ဥက္ကဌ ဦးဇခုန်တိန့်ယိန်းနှင့် ဒု-ဥက္ကဌ ဗိုလ်မှူးချုပ် ဖော့ါလော်ဟောင်းခေါင်တို့ကို နေအိမ်အကျယ်ချုပ် ချထားသည်ဆိုသည့် သတင်းများကို ပြည်ပမီဒီယာတချို့က ပြောဆိုခဲ့သော်လည်း မမှန်ကန်ကြောင်း အမည်မဖော်လိုသည့် NDA-K ဗဟိုကော်မီတီဝင်တဦးက အတည်ပြုပြောဆိုလိုက်သည်။ (RFA 170611) Read More...
- ဇွန် ၁၈ ရက်နေ့ထုတ် အစိုးရပိုင်သတင်းစာများတွင် ကချင်ပြည်နယ်တွင်း ဖြစ်ပွားနေသည့် စစ်ပွဲများ၌ ကချင်လွတ်မြောက်ရေး တပ်မတော် KIA ဘက်မှ စတင်ပစ်ခတ်သဖြင့် အစိုးရတပ်ဘက်မှ မလွှဲမရှောင်သာ ပြန်လည်တိုက်ခိုက်ခဲ့သည်ဟု ဆိုခြင်းကို KIA ဘက်မှ ငြင်းဆိုလိုက်ပြီး လက်တွေ့တွင် အစိုးရတပ်များက ၎င်းတို့နယ်မြေထဲသို့ စစ်ဆင်ရေးများနှင့် ဝင်ရောက်လာ သဖြင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်သည်ဟု KIA တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ဇော်ဆိုင်းက ပြောသည်။ (VOA 180611) Read More...
- နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးရှိ အများပြည်သူသုံး သန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူ ၃ ဦး ထိခိုက်မှုတွင် KNU က ကျပ်သိန်း ၃၅ မက်လုံးပေးကာ ခိုင်းစေခဲ့သည့် အသက် ၃၅ နှစ်အရွယ် အောင်ကိုလတ် (ခ) အောင်ကြီးဆိုသူအား ဖမ်းဆီးရမိထားသည်ဟု အစိုးရသတင်းစာ၏ စွပ်စွဲဖော်ပြချက်အပေါ် မဟုတ်မှန်ကြောင်း KNU ဒု-ဥက္ကဌ စောဒေးဗစ်သကဘောက ပြောသည်။ (KIC 180611) Read More...

## ပြည်ပအင်အားစုများ

- တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများအပေါ် ထိုးစစ်ဆင်နေခြင်းကို ချက်ချင်းရပ်တန့်ပေးရန်နှင့် တနိုင်ငံလုံး အတိုင်းအတာအရ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်ရန် အစိုးရသစ်ကို ထိုင်း-မြန်မာနယ်စပ်အခြေစိုက် တိုင်းရင်းသား လူမျိုးများကောင်စီ ENC က ၎င်း၏ (၆) ကြိမ်မြောက် ညီလာခံအပြီးတွင် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ (RFA 120611) Read More...
- နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေးနှင့် တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံးဖြစ်ပေါ်လာရေးတို့အတွက် အားပေး ထောက်ခံသည့်လက်မှတ်ရေးထိုး ကောက်ခံပွဲကို ဇွန် ၁၂ ရက်နေ့တွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့လယ် ဟဲဝါဘူတာအနီး ဟဲဝါ ပန်းခြံတွင် ပြုလုပ်ခဲ့ရာ ကိုရီးယားနိုင်ငံသား ၁၀၀၀ ကျော်ခန့် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD လွတ်မြောက်နယ်မြေ (ကိုးရီးယား) ဥက္ကဌ ကိုနေထွန်းနိုင်က ပြောသည်။ (DVB 120611) Read More...
- အမေရိကန် ပြည်ထောင်စု အင်ဒီယားနားပြည်နယ် ဖို့ဂိန်းမြို့ရှိ St. Henry ခရစ်ယာန်ကျောင်းရှေ့ ကစားကွင်းတွင် မြန်မာနိုင်ငံသားများ စုပေါင်းကာ သင်္ကြန်ပွဲတော်နှင့် နိုင်ငံရေး အကျဉ်းသားများအတွက် ထောက်ပံ့ရေးရံပုံငွေရှာသော ဈေးရောင်းပွဲတစ်ခုကို ဇွန် ၁၂ ရက် နေ့က ကျင်းပခဲ့ကြသည်။ (RFA 130611) Read More...
- ပြည်တွင်းစစ်ရပ်စဲရေး၊ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးဆန္ဒပြပွဲတရပ်ကို Burma Action အစ္စရေး မြန်မာ့အရေး လှုပ်ရှားသူများအဖွဲ့က ဦးဆောင်ပြီး ဇွန် ၁၄ ရက်နေ့က အစ္စရေးနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာ့အရေးလှုပ်ရှားသူ ၂၀ ခန့် တက်ရောက်ခဲ့သည်ဟု ဦးဆောင်သူတစ်ဦးဖြစ်သည့် ကိုသီဟက ပြောသည်။ (DVB 140611) Read More..., Mizzima...
- မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တို့၏ စစ်ပွဲကြောင့် နိုင်ငံတကာရောက် ကချင်အမျိုးသားများက ဘုရားသခင် ထံတွင် အစာရှောင်ဆုတောင်းကြသည်ဟု ဒိန်းမတ်ရောက်ကချင်အမျိုးသားတစ်ဦးက ပြောသည်။ (KNG 140611) Read More...
- ကချင်အမျိုးသားအစည်းအရုံး (KNO) က အစိုးရမှ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် ထိုးစစ်ဆင်ခြင်းကို ရှုံ့ချသည့်ကြေညာချက်တစ်စောင်ကို ဇွန် ၁၃ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ (KNG 140611) Read More...

- ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ကာကွယ်ရန်ထားရှိသော တပ်မတော်ကြီးသည် ပြည်တွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအား တိုက်ခိုက်နေမှုအပေါ် ပြည်ပရောက် ကချင်အမျိုးသားများက လုံးဝ ကန့်ကွက်ဆန့်ကျင်သောကြောင့် အစီရင်ခံစာ တစ်စောင် ထုတ်ပြန်လိုက်သည်။ (KNG 150611) Read More ...
- ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်များနှင့် အစိုးရတပ်တို့ တိုက်ခိုက်နေသည့် စစ်မီးများသည် မကြာမီ မြန်မာနိုင်ငံတပွမ်း ပျံ့နှံ့လာနိုင်သည်ဟု မြန်မာ့စစ်ရေးလေ့လာသူ ဦးအောင်ထက ပြောကြား လိုက်သည်။ (DVB 160611) Read More...
- ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၆) နှစ်မြောက် မွေးနေ့ အတွက် လှုပ်ရှားမှုတရပ်ကို အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂ ရုံးချုပ်ရှေ့တွင် ဇွန် ၁၈ ရက်နေ့ ညနေပိုင်းက ကျင်းပပြုလုပ်ခဲ့သည်ဟု ဦးဆောင်သူတစ်ဦးဖြစ်သည့် Burma Point အဖွဲ့မှ အမှုဆောင် ညွှန်ကြားရေးမှူး ဦးမိုးချမ်းက ပြောသည်။ (RFA 180611) Read More...

## နိုင်ငံရေးအဖွဲ့အစည်းများ

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP မှ အမျိုးသားလွှတ်တော်အမတ် ဦးခင်ရွှေပိုင် ဇေကမ္ဘာကုမ္ပဏီက မင်္ဂလာဒုံ မြို့နယ် ပုလဲမြို့သစ် ရွှေနန့်သာကျေးရွာအုပ်စုမှ ရွှေနန့်သာနှင့် ပေါင်းကူးရွာရှိ လယ်သမား ၇၁ ဦးထံမှ လယ်ဧက ၈၀၀ ကျော်ကို တစ်ဧက လျှင် ၆ သိန်းကျပ်ပေးကာ လယ်မြေများကို ယမန်နှစ်က သိမ်းယူခဲ့ပြီး လယ်များကို လယ်စိုက်ခွင့် ရှိ/မရှိနှင့် ပတ်သက်ပြီး ထပ်မံ အငြင်းပွားမှု ဖြစ်ပွားနေသည်ဟု လယ်သမားကြီးတစ်ဦးက ပြောသည်။ (Mizzima 150611) Read More...

### အခြားပါတီများ

- လာမည့် နိုဝင်ဘာလအတွင်း ကျင်းပရန်ရှိသည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဒီမိုကရေစီမိတ်ဆွေများ ၁၁ ပါတီ မဟာမိတ် အဖွဲ့က လက်ရှိအာဏာရ ကြံ့ဖွံ့ပါတီ USDP ကို ယှဉ်ပြိုင် အနိုင်ယူနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာတစ်ရပ်ကို ဆွေးနွေးညှိနှိုင်းနေသည်ဟု ဆွေးနွေးပွဲသို့ တက်ရောက်နေသူ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးကြည်သန်းက ပြောသည်။ (RFA 140611) Read More...
- ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တိုင်းရင်းသား ဒေသတချို့၌ ဆက်တိုက်ဖြစ်ပွားနေသော လက်နက်ကိုင် တိုက်ပွဲများရပ်တန့် သွားရန်အတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတရပ် အမြန်ဆုံးပြုလုပ်ပေးသင့်ကြောင်း တိုင်းရင်းသားခေါင်းဆောင်များနှင့် အတိုက်အခံ ခေါင်းဆောင်များက အစိုးရသစ်အား တိုက်တွန်းပြောဆိုသည်ဟု ကချင်ပြည်နယ် တိုးတက်ရေးပါတီ (KSPP) အထွေထွေအတွင်း ရေးမှူး ဦးတူးဂျော်က ပြောသည်။ (Irrawaddy 140611) Read More...
- သုံးလနီးပါး သက်တမ်းရှိလာပြီဖြစ်သည့် သမ္မတ ဦးသိန်းစိန် အစိုးရသစ်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များနှင့် ပတ်သက်ပြီး အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားဖွယ်မရှိဟု တိုင်းရင်းသားပါတီများအပါအဝင် အတိုက်အခံ နိုင်ငံရေးပါတီခေါင်း ဆောင်များက ဝေဖန်ပြောကြားလိုက်သည်။ (DVB 150611) Read More . . .
- ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဲဆန္ဒနယ် အမှတ် ၂ တွင် အနိုင်ရခဲ့သည့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းအပေါ် ရှုံးနိမ့်သူကြံ့ဖွံ့ပါတီ USDP ကိုယ်စားလှယ် ဦးရဲအောင်မှ ပယ်မဲသတ်မှတ်ရာတွင် မသမာမှုရှိသည်ဟု တိုင်ကြားထားသည့်အမှုအား ပြန်လည်စစ်ဆေးရာ ထိုပယ်မဲထဲမှ မဲနစ်မဲပြန်ရရှိခဲ့သည်ဟု ဒေါက်တာညိုညိုသင်းက ပြောသည်။ (Popular News 150611) Read More...
- လစ်လပ်နေရာများအတွက် ပြန်လည်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဝံသာနု NLD ပါတီမှ ဒေါ်နန်းရွှေကြာက "ကြားဖြတ်မဝင်ဘူး။ ၂၀၁၀ မှာ ပါတီက လိုအပ်ချက်တွေ အများကြီးရှိခဲ့တယ်။ ၂၀၁၅ အတွက်ပြန်ပြီး စိစစ်ပြီး ပြင်ဆင်မယ်။ ပါတီတွင်း ကျစ်လစ်ခိုင်မာမှု လုပ်ရဦးမယ်။ ၂၀၁၅ ကို အကောင်းဆုံးနဲ့ ဘယ်လိုပုံစံသွားမယ်ဆိုတာ အားယူနေ တဲ့အပိုင်းဖြစ်တယ်" ဟု ၂၀၁၅ ရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်နေမှုများကို ပြောဆိုလိုက်သည်။ (Popular News 150611) Read More...
- ယခင်လွှတ်တော်အတွင်း တင်သွင်းထားသည့်အဆိုများ အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်လျက်ရှိသည်ဟု လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော တစ်သီးပုဂ္ဂလမှ ဦးသိန်းညွန့်၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP မှ ဦးဖေသန်း၊ အမျိုးသားဒီမိုကရေစီအင်အားစု NDF မှ ဒေါက်တာ ဉာဏစိုးနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ SNDP မှ ကိုယ်စားလှယ် တစ်ဦးတို့က အသီးသီးပြောဆိုလိုက်သည်။ (Popular News 150611) Read More...

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အမတ်များ၏ တရားစွဲဆိုခံထားရသော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ကျောက်ဖြူမြို့နယ်မှ အမတ် ၂ ဦး အမှုကို ဇွန် ၁၅ ရက်နေ့က ဆုံးဖြတ်ရာ ရွေးကောက်ပွဲ ကော်မရှင်က ရခိုင်အမတ် နှစ်ဦးစလုံးကို အနိုင်ပေးလိုက်သည်ဟု နေပြည်တော် ရောက်ရှိနေသူ ပြည်သူ့လွှတ်တော်အမတ် ဦးဘရှင်က ပြောသည်။ (Narinjara 150611) Read More ...
- ငြိမ်းချမ်းရေးကို လွှတ်တော်တွင်းတွင် ကန့်ကွက်သူများ အများစုဖြစ်နေသော်လည်း လိုလားတောင်းဆိုသည့် နိုင်ငံရေးပါတီ ၁၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကချင်ပြည်နယ်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရတပ်များ အကြား တိုက်ပွဲများဖြစ်ပွားမှုနှင့်ပတ်သက်ပြီး နိုင်ငံငြိမ်းချမ်းရေးအတွက် တဖက်နှင့်တဖက် နားလည်သဘောပေါက်ကြရန်နှင့် အပြန်အလှန် သတ်ဖြတ်တိုက်ခိုက်နေကြမှုများကို မလိုလားကြောင်း ပြောဆိုလိုက်သည်။ (BBC 170611) Read More...

## တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်

- ပြည်ထောင်စုကော်မရှင်မှ တစ်သီးပုဂ္ဂလအဖြစ်သတ်မှတ်ခဲ့ပြီးနောက် သဃ်န်းကျွန်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ ပါတီသစ်တည်ထောင်ရန် လာမည့်ဇူလိုင်လ ပထမအပတ်အတွင်း လျှောက်ထားမည်ဖြစ်ပြီး ပါတီတည်ထောင် သူ များအဖြစ် လျှောက်ထားမှုတွင် လူငယ်ဟစ်ဟော့အဆိုတော် ရသ ပါဝင်မည်ဟု ပြောဆိုလိုက်သည်။ (DVB 160611) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် အစိုးရတပ်အကြား တိုက်ပွဲများကြောင့် စစ်ရှောင်လာသူများကို တရုတ်-မြန်မာနယ်စပ် ယူနန်ပြည်နယ် ယင်ကျန်းဒေသက ဝင်ခွင့်မပြုဘဲ၊ လုံချွမ်ခရိုင် ချန်ဖုန်းဒေသတွင်မူ ဝင်ခွင့်ရကြောင်း ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ဗဟိုဌာနချုပ် တည်ရှိရာ လိုင်ဇာမှ မြို့ခံ ကိုဆိုင်းအောင်က ပြောသည်။ (Mizzima 130611) Read More...
- ကချင်ပြည် လွတ်လပ်ရေးတပ်မတော် KIAနှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲများ ဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် ကချင်ဒေသခံ ၂ သောင်းခန့် ဇွန် ၁၅ ရက်နေ့ နံနက်ပိုင်းတွင် တရုတ်နယ်စပ်ဘက် ထွက်ပြေးရောက်ရှိလာသည်ဟု ဒေသခံများက ပြောသည်။ (S.H.A.N 150611) Read More...

## မီဒီယာအခန်းကဏ္ဍ

- ဇွန် ၁၄ ရက်နေ့တွင် ပြုလုပ်မည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်း ယူမည့် သတင်းဂျာနယ်များမှ သတင်းထောက်များအနေဖြင့် ဓါတ်ပုံနစ်ပုံ၊ မှတ်ပုံတင်အမှတ်၊ ကင်မရာ၊ ဟန်းဖုန်းနှင့် အသံဖမ်းစက် အမျိုးအစားနှင့် မေးမြန်းမည့်မေးခွန်းများကို အယ်ဒီတာချုပ်များ၏ ခွင့်ပြုချက်လက်မှတ်များနှင့်အတူ စာပေစိစစ်ရေးသို့ ဇွန် ၁၃ ရက်နေ့ နောက်ဆုံးထားပေးပို့ရန် ကန့်သတ်ချက်များ ထုတ်ပြန်လိုက်သည်။ (DVB 130611) Read More...
- ဇွန် ၁၄ ရက်နေ့တွင် ပြုလုပ်ရန်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် သတင်းဂျာနယ်များ အား ကြိုတင်မေးခွန်းပေးပို့မှုအပါအဝင် ကန့်သတ်ချက်များဖြင့် တက်ရောက်သတင်းယူရန် ဖိတ်ခေါ်ခဲ့သော်လည်း ညနေပိုင်းတွင် ပြန်လည် ဖျက်သိမ်းလိုက်ကြောင်း စာပေစိစစ်ရေးက အကြောင်းကြားခဲ့သည်ဟု ရန်ကုန်အခြေစိုက် သတင်းသမားများက ပြောသည်။ (DVB 140611) Read More...
- တိုင်းရင်းသားဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခ တိုက်ပွဲများအပါအဝင် ယခုနောက်ဆုံး တိုက်ခိုက်နေသည့် ကချင်ပြည်နယ် တွင်း တိုက်ပွဲအခြေအနေများနှင့် ဒုက္ခသည်များအရေး စသည့်သတင်းများကို ပြည်တွင်း သတင်းဂျာနယ်များတွင် ဖော်ပြခွင့် မပြုဘဲ ဆက်လက်ပြီး စာပေစိစစ်ရေးကို ထိန်းချုပ်ကန့်သတ်ထားသည်ဟု ရန်ကုန် စာနယ်ဇင်းလောကသားများက ဆိုသည်။ (DVB 170611) Read More...

**NDD-** မှတ်တမ်းတင်နှင့်သုတေသနဌာန

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း အနေဖြင့် မြန်မာအစိုးရ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အားပေးဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ အချိန်ပြည့် အထူးကိုယ်စားလှယ်တစ်ဦးကို မကြာမီ ခန့်အပ်တော့မည်ဖြစ်ကြောင်း နယူးယောက်မြို့ ကုလသမဂ္ဂ ရုံးချုပ်မှ ဇွန်လ ၁၄ ရက်နေ့ တွင်သတင်းထုတ်ပြန်လိုက်သည်။ (RFA 150611) Read More...
- ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) နှင့် ၁၇ နှစ်ကြာ အပစ်ရပ်ဆိုင်းခဲ့ခြင်းကိုအဆုံးသတ်ကာ ကချင်ပြည်နယ်သို့ လူ လက်နက်အင်အား ကြီးမားစွာပို့လွှတ်သည့် မြန်မာအစိုးရ၏ အပြုအမူအား အာဆီယံပါလီမန်အဖွဲ့က ပြင်းထန်စွာ ဝေဖန်လိုက်သည်။ (KNG 170611) Read More...
- မြန်မာနိုင်ငံသို့ လာမည့် ဇွန် ၁၉ ရက်နေ့တွင် ဥရောပသမဂ္ဂ EU မှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာမည်ဖြစ်ပြီး ယင်းအဖွဲ့ကို ဝါရင့် ဗြိတိသျှ သံတမန်တစ်ဦးဖြစ်သည့် ရောဘတ်ကူးပါးက ဦးဆောင်ပြီး မြန်မာနိုင်ငံဆိုင်ရာ EU ကိုယ်စားလှယ် ပိုင်ရို ဖတ်ဆီနီ၊ အာရှဒေသဆိုင်ရာ EU ကိုယ်စားလှယ် ဒေးဗစ်လစ်ပမင်တို့ ပါဝင်မည်ဟု ဘန်ကောက်အခြေစိုက် သတင်း ထောက်လယ်ရီဂျေဂင်က ပြောသည်။ (RFA 170611) Read More...
- မြန်မာနိုင်ငံ မြောက်ပိုင်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ကို အပြင်းအထန် ထိုးစစ်ဆင်နေသည့် အစိုးရတပ်များ အနေဖြင့် ချက်ချင်းရပ်တန့်ရန်နှင့် စစ်ပြေးဒုက္ခသည်များအနေဖြင့် နိုင်ငံတကာ အကူအညီ ရရှိနိုင်ရန်အတွက် အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) အသင်းကြီးမှ ကြားဝင်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံ ဆိုင်ရာ အာဆီယံ လွှတ်တော် အမတ်များအဖွဲ့ (AIPMC) က တောင်းဆိုလိုက်သည်။ (VOA 170611) Read More...

### (ခ) အစိုးရများ

- ကချင်ပြည်နယ်အတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရတပ်တို့အကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေသည့်အတွက် တိုက်ပွဲဖြစ်ပွားရာဒေသမှ ထောင်နှင့်ချီသော ဒေသခံများ တရုတ်နိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံလာခြင်းကို တရုတ်နိုင်ငံအနေဖြင့် ထုံးစံအတိုင်း လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးနေသည်ဟု တရုတ်နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ ဟုန်းလီ (Hong Lei) က ပြောသည်။ (VOA 160611) Read More...
- မြန်မာအစိုးရတပ်များအနေဖြင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ကို ထိုးစစ်ဆင် တိုက်ခိုက်နေခြင်းများ ချက်ချင်းရပ်တန့်ရန် အမေရိကန်အစိုးရအနေဖြင့် တောင်းဆိုလိုက်ပြီး လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲအခြေအနေများကို အနီးကပ်စောင့် ကြည့်နေမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောခွင့်ရ အမျိုးသမီး ကယ်လီ မက်ကဲလော့ဂ် (Kelly McKellog) က ပြောသည်။ (VOA 160611) Read More...
- မြန်မာအစိုးရတပ်များနှင့် ကချင်လွတ်လပ်ရေး တပ်မတော်(KIA)တို့ အကြား တိုက်ခိုက်မှုများကို အခြေအနေများ ပိုမိုဆိုးရွားမလာစေရန် နှစ်ဘက်စလုံးအနေဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာရန် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဟောင်လိုင်က ဇွန် ၁၆ ရက်နေ့တွင် တိုက်တွန်းလိုက်သည်။ (Irrawaddy 170611) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သူမ၏ နေအိမ်တွင် ဇွန် ၁၇ ရက်နေ့ နံနက်ပိုင်း၌ ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိက သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Douglas Gibson က ၁ နာရီ ကျော်ကြာ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 170611) Read More...
- မြန်မာနိုင်ငံတွင် အစိုးရသစ် တက်လာသော်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသေးသည့်အတွက် နိုင်ငံတကာ အနေနှင့် ကုန်သွယ်မှု ဆက်ဆံရေးများ တိုးမြှင့်လုပ်ဆောင်ရန် အချိန်မတန်သေးကြောင်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပနေသည့် နိုင်ငံတကာ လစ်ဘရယ်ပါတီများ ညီလာခံတွင် ဇွန်လ ၁၇ ရက်နေ့က တညီတညွတ်တည်း သဘောထားပေးခဲ့ကြသည်။ (RFA 180611) Read More...

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံမှ လူငယ် ၁၅၀၀ ကျော်ခန့်ကို ပညာသင်စရိတ် ထောက်ပံ့ကူညီနေသည့်အဖွဲ့တစ်ခုဖြစ်သော ဗြိတိန်နိုင်ငံ အခြေစိုက် Prospects Burma အဖွဲ့က အဖွဲ့ရန်ပုံငွေ ရှာဖွေပွဲနှင့် တွဲဖက်လျက် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပွဲကို ကြိုတင်ကျင်းပပြုလုပ်ခဲ့သည်။ (BBC 170611) Read More...
- မြန်မာနိုင်ငံတွင် လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းရေးအတွက် အမြန်ဆုံး အကောင်အထည် ဖော်ရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO က မြန်မာအစိုးရကို တိုက်တွန်းလိုက်ပြီး အဓမ္မလုပ်အားပေး ခိုင်းစေမှုများ ပပျောက်သွားရေးအတွက်လည်း အချိန် ၁၂ လ သက်တမ်း တိုးပေးလိုက်ကြောင်းကို ဇွန် ၁၆ ရက် နေ့စွဲနှင့် ဆုံးဖြတ်ချက်ချမှတ် ထုတ်ပြန်လိုက်သည်။ (RFA 170611) Read More...

---

***End of report/ Saturday, June 18, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---